**ဖိုကိုလာရေလှူပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

မတ်လ ၂၀၁၇

## “. . သင်တို့သည်ဘုရားသခင်နှင့်ပြန်လည်ကျေအေးသင့်မြတ်ကြပါမည့်အကြောင်း၊” (၂ကော်၅း၂၀)

ကမ္ဘာ့နေရာဒေသအတော်များများတွင် စစ်မက်ဖြစ်ပွားလျက်ရှိရာ သွေးထွက်သံယိုမှုများက ဘယ်သောအခါမျှ မဆုံးနိုင်သည့်အလားဖြစ်နေပြီး မိသားစုများ၊ လူမျိုးစုများနှင့် လူပေါင်းများစွာတို့မှာ ထိုစစ်ပွဲများတွင်ရင်ဆိုင်နေကြရပါသည်။ အသက် ၂၀ အရွယ် ဂလိုရီယာဆိုသူမိန်းကလေးက “တစ်ရွာလုံးကိုမီးရှို့သွားလို့ လူအတော်များများဟာ ဘာမှမယူလိုက်နိုင်ဘဲ ထွက်ပြေးကြရတယ်” ဟုကြားခဲ့ရသည့်အကြောင်းပြောပြခဲ့ပါသည်။ ကျွန်ုပ်သည်လည်း သူငယ်ချင်းများနှင့်အတူ သူတို့လိုအပ်မည့်အရာများဖြစ်သည့် အိပ်စရာအခင်းများ၊ အဝတ်အထည်များနှင့် စားစရာများကို စတင်စုဆောင်းခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ပြင်ဆင်မှုပြုလျက် ၈ နာရီကြာခန့် ခရီးပြုပြီးနောက် ယင်းသို့သောအဖြစ်ဆိုး၌ ရင်ဆိုင်ကြုံတွေ့နေရသူများအား ရှာတွေ့ခဲ့ပါသည်။ ကျွန်ုပ်တို့လည်း သူတို့၏အဖြစ်စုံကိုနားထောင်ပေးခြင်း၊ မျက်ရည်တို့ကို သုတ်ပေးခဲ့ခြင်း၊ သူတို့အားထွေးပွေ့လျက် နှစ်သိမ့်မှုကိုပေးခြင်းတို့ပြုခဲ့ကြပါသည်။ မိသားစုတစ်ခုက “ကျွန်ုပ်တို့၏သမီးလေးမှာ အထဲမှာရှိနေစဉ် သူတို့အိမ်ကိုမီးရှို့ပစ်လိုက်ကြသည့်အခါ ကျွန်ုပ်တို့လည်း ကလေးနှင့်အတူသေဆုံးသွားသကဲ့သို့ခံစားခဲ့ရကြောင်း၊ ယခုဆိုလျှင် သင်တို့ထားရှိသောချစ်ခြင်းမေတ္တာကြောင့် ထိုသို့ပြုလုပ်ခဲ့သူများကို ခွင့်လွှတ်နိုင်ဖို့ ကျွန်ုပ်တို့တွင်ခွန်အားရှိလာပါပြီ” ဟုပြောခဲ့ပါသည်။

တမန်တော်ကြီးရှင်ပေါလူးသည်လည်း ထိုအတွေ့အကြုံမျိုးရှိခဲ့ပါသည်။ သူသည် ခရစ်ယာန်များကို လိုက်လံညှင်းပမ်းနှိပ်ကွပ်သောသူတစ်ဦးဖြစ်သော်လည်း ဘုရားသခင်ထံမှချစ်ခြင်းမေတ္တာကို မည်သို့မျှမမြော်လင့်မထားသောနည်းလမ်းဖြင့် တွေ့ကြုံခံစားခဲ့ရပါသည်။ ထို့နောက် ဘုရားသခင်က သူ့အား ကိုယ်တော်ရှင်၏နာမတော်အားဖြင့်ပြန်လည်ကျေအေးသင့်မြတ်ခြင်းအတွက်သံတမန်အဖြစ် စေလွှတ်တော်မူခဲ့ပါသည်။

ဤသို့ဖြင့်ရှင်ပေါလူးသည် သခင်ယေရှု၏အသက်တော်စွန့်ခြင်းနှင့် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခြင်းဆိုသည့် သခင်ယေရှုကိုယ်တော်တိုင်က လောကလူသားတို့နှင့် ပြန်လည်ကျေအေးသင့်မြတ်ခြင်းတည်းဟူသောနက်နဲဘွယ်အကြောင်းချက်တို့ကို စိတ်အားထက်သန်စွာ ဟောပြောသက်သေခံခဲ့ခြင်းဖြင့် လူသားအပေါင်းတို့သည် ကိုယ်တော်ရှင်နှင့်လည်းကောင်း၊ ကိုယ်နှင့်နီးစပ်သူတို့အားဖြင့်လည်းကောင်း မိဿဟာယပြုသည့်အသက်တာအတွေ့အကြုံကို သိနားလည်လာနိုင်စေပါသည်။ ရှင်ပေါလူးအားဖြင့် သမ္မာကျမ်းစာလာအကြောင်းအချက်သည် ကယ်တင်ခြင်းနှင့်အဝေးကွာဆုံးလူများ ဟုသတ်မှတ်ခြင်းခံထားရသူ၊ ဘုရားသခင်နှင့်ပြန်လည်ကျေအေးသင့်မြတ်မှုလိုအပ်နေသူ ဂျူးလူမျိုးမဟုတ်သူများကိုပင် ဆွဲဆောင်နိုင်ခဲ့သည်။

ကျွန်ုပ်တို့သည်လည်း မိမိအားစိတ်ပျက်အားလျော့စေသည့်အမှားများနှင့် မလိုပါဘူးဟု လွဲမှားသည့်ယုံကြည်မှုမျိုးရှိနေကြလင့်ကစား တိုင်းဆမရနိုင်သောဘုရားသခင်၏သနားခြင်းကရုဏာကိုခံပိုင်ခွင့်ရှိပြီး ကျွန်ုပ်တို့၏

စိတ်နှလုံးများအားကုစားလျက်အနှောင်အဖွဲ့မှလွတ်မြောက်စေသည့်အပြင် နောက်ဆုံးတွင် ဤအဖိုးထိုက်လှသော မြတ်ရတနာကို အခြားသူတို့အားလည်း မျှဝေနိုင်စေပါသည်။ ဤသို့အားဖြင့် လူသားထုတစ်ရပ်လုံးနှင့် ဖန်ဆင်းခံအရာအားလုံး ငြိမ်းချမ်းခြင်းရှိစေလိုသည့် ဘုရားသခင်၏အကြံအစည်တော်၊ အပြည့်အဝစုံလင်ခြင်းရှိစေရန် ကျွန်ုပ်တို့သည်လည်း ပါဝင်နိုင်ကြပေလိမ့်မည်။ ယင်းကား သမိုင်းကြောင်းမှ ကွဲပြားမှုများအား ကျော်လွန်စေမည့် အကြံအစည် တော်လည်းဖြစ်ပြီး ကယားရာလူးဘစ်ရေးသားခဲ့သော စာများထဲမှတစ်ခုတွင်ဖော်ပြခဲ့သည်မှာ –

"လက်ဝါးကပ်တိုင်တော်ပေါ်တွင် သားတော်ကိုအသက်စွန့်စေခဲ့ခြင်းဖြင့် ဘုရားသခင်သည် သူ၏အကြီးမြတ်ဆုံးသော ချစ်ခြင်းမေတ္တာတော်ကို သက်သေပြခဲ့လေပြီ။ ခရစ်တော်သခင်၏လက်ဝါးကပ်တိုင်အားဖြင့် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့နှင့် ပြန်လည်ကျေအေးသင့်မြတ်မှုကိုပြုခဲ့သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းဖြစ်သော ဤအခြေခံကျသည့်အမှန်တရားသည် ယနေ့တွင်အပြည့်အဝ ဆီလျော်လျက်ရှိနေလေပြီ။

ဤသည်ကား လူ့ဘောင်လောကတစ်ခုလုံးကစောင့်မျှော်လျက်ရှိသော ဗျာဒိတ်ပင်ဖြစ်သည်။ မှန်ပါသည်။ ဘုရားသခင်သည် သူ၏ချစ်ခြင်းမေတ္တာတော်နှင့်အတူ လူသားအားလုံးနှင့်အတူနီးကပ်စွာရှိပြီး တစ်ဦးချင်းစီအားလည်း အလွန်ချစ်တော်မူပါသည်။ ကျွန်ုပ်တို့ကမ္ဘာလောကကြီးအနေဖြင့် ကိုယ်တော်ရှင်၏ကြေညာချက်ကို ကြားသိရန်လိုအပ်သလို ကျွန်ုပ်တို့ကလည်းဦးစွာပထမ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို အချင်းချင်းအကြားတွင် အဖန်တစ်လဲလဲ ကြွေးကြော်နိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အရာရာက ကျွန်ုပ်တို့အားဆန့်ကျင်ဘက်ပြုနေသည်ဟု ထင်ရလင့်ကစား ထိုချစ်ခြင်းမေတ္တာဖြင့်လွှမ်းခြုံမှုကို ခံစားသိရှိဖို့လိုအပ်ပါသည်။ ကျွန်ုပ်တို့၏အမူအကျင့်များအားလုံးသည် ထိုအမှန်တရားကိုကြွေးကြော်ရာတွင် ထိုက်တန်မှုရှိသင့်ပါသည်။

သခင်ယေရှုက သင်၏ပူဇော်သကာကို ယဇ်ပလ္လင်သို့ဆောင်ယူလာသောအခါ သင်၏ညီအစ်ကိုသည် သင့်၌အပြစ်တစ်စုံတစ်ခုရှိသည်ကို ထိုနေရာ၌သတိရလျှင်၊ ထိုပူဇော်သကာကို ယဇ်ပလ္လင်ရှေ့တွင်ထားခဲ့ပြီးလျှင် သွား၍သူနှင့်သင့်မြတ်အောင်ပထမဦးစွာပြုလုပ်လော့။ (မာတေဦး ၅း၂၃–၂၄) ဟု ရှင်းရှင်းလင်းလင်းမိန့်တော်မူခဲ့ပါသည်။ သို့ဖြစ်၍ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုချစ်သည့်နည်းတူ မျှော်လင့်ခြင်းကင်းစွာ၊ အစွဲအလန်းကင်းစွာဖြင့် အချင်းချင်းချစ်ကြပါစို့။ ကိုယ်နှင့်နီးစပ်သူ၌ရှိသော တန်ဖိုးများကို ပွင့်ပွင့်လင်းလင်းနှင့် အပြုသဘောဆောင်ကာ လက်ကမ်းကြိုဆို အသိအမှတ်ပြုကြရပေမည်။ ထို့အပြင် အချင်းချင်းအတွက်လည်း မိမိအသက်ကိုပင်ပေးဆက်ရန် အသင့်ရှိနေကြရပေမည်။ ဤသည်ကား သခင်ယေရှု၏ အဓိကပညတ်တော်ဖြစ်သလို ခရစ်ယာန်ဖြစ်ကြောင်း သိသာထင်ရှားစေသည့် အမှတ်အသားလည်းဖြစ်ပေသည်။ ခရစ်တော်၏ရှေးဦးနောက်လိုက်များခေတ်ကကဲ့သို့ပင် ယနေ့ထက်တိုင် ကိုက်ညီလျက်ရှိနေပါသည်။ ဤနှုတ်တော်ထွက်စကားကိုသက်ရှင်လိုက်လျှောက်ခြင်းသည် ကျေအေးသင့်မြတ်မှုပြုသူများဖြစ်လာသည်ဟုဆိုနိုင်ပါသည်။"

ထိုသို့ကျင့်ကြံနေထိုင်ကြပါလျှင် ကျွန်ုပ်တို့၏နေ့ရက်များသည် ကျွန်ုပ်တို့၏မိသားစုအတွင်းနှင့် မိသားစုများအကြားတွင်သော်လည်းကောင်း၊ အသင်းတော်အတွင်းနှင့် အသင်းတော်များ အချင်းချင်းအကြားတွင်သော်လည်းကောင်း၊ ကျွန်ုပ်တို့နှင့်သက်ဆိုင်လျက်ရှိသော မည်သည့်ရုံး၌ာနနှင့် ဘာသာရေးအသိုက်အဝန်းများတွင်မဆို ရင်းနှီးကျွမ်းဝင်မှုနှင့် ကျေအေးသင့်မြတ်မှု အမှတ်လက္ခဏာများဖြင့် ကြွယ်ဝလျက်နေပါလိမ့်မည်။

*Letizia Magri*

****************************************************************